Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



# Network for Democracy and Development
# Documentation and Research Department

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 85-733 4303.
E-mail: ndddrd07@csloxinfo.com; ndddrd07@gmail.com

# Weekly Political Events Regarding the SPDC's Election (030/2010)
# နအဖရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့်တစ်ပတ်အတွင်း နိုင်ငံရေးအဖြစ်အပျက်များ (၀၃၀/၂၀၁၀)

၂၀၁၀ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်နေ့မှ ဩဂုတ်လ (၂၁) ရက်နေ့အထိ

## နအဖနှင့် ၎င်းလက်ကိုင်တုတ်အဖွဲ့အစည်းများ

- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** က ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ်၊ ဝါးရုံစွန်းရွာတွင် ဩဂုတ်လ ၁၃ ရက်နေ့တွင် ဒေသခံပြည်သူများအား ငွေချေး၍ မဲဆွယ်စည်းရုံးရာတွင် ကျေးရွာအာဏာပိုင်များက လိုက်လံကူညီပေးနေကြောင်း ဒေသခံများကပြောသည်။ **(DVB 150810)** Read More...
- တနင်္သာရီတိုင်း ထားဝယ်မြို့နယ် သဗျာကျေးရွာတွင် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီး ဦးမောင်မောင်သိန်းမှ ဝါဆိုသင်္ကန်းကပ်လှူပွဲပြုလုပ်ခဲ့ရာ ပါဏာတိပါတာကံ (သူတစ်ပါးအသက်ကို သတ်ခြင်း) ကျူးလွန်ခြင်းနှင့်ပတ်သက်၍ တရားဟောကြားခဲ့သော သက်တော် (၂၇) နှစ်၊ ဝါတော် (၇) ဝါရှိ ဆရာတော် ဦးပုညကို ဩဂုတ်လ (၉) ရက်နေ့၌ ခရိုင်အဆင့်အာဏာပိုင်များက သိက္ခာချလူဝတ်လဲခိုင်းခဲ့သည်ဟု ဒေသခံသံဃာ တော်တစ်ပါးက မိန့်ကြားသည်။ **(VOA 150810)** Read More..., RFA...
- လွန်ခဲ့သည့်သီတင်းနှစ်ပတ်ခန့်က ကျောက်ဖြူမြို့တွင် နအဖ ပြုလုပ်မည့် ရွေးကောက်ပွဲကို ဆန့်ကျင်ကြရန် လှုံ့ဆော်သည့် လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့မှုများဖြစ်ပွားခဲ့သဖြင့် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့တွင် ရဲလုံခြုံရေးများ အထူးတင်းကျပ်ထားကြောင်း ကျောက်ဖြူမြို့ခံများက ပြောသည်။ **(NEJ 160810)** Read More...
- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** က "ရွေးကောက်ပွဲအောင်နိုင်ရေး" အတွက် လုပ်ဆောင်ချက်များဆိုင်ရာအစည်းအဝေး ပထမပိုင်းကို နေပြည်တော်တွင် ဩဂုတ်လ ၁၃ ရက်နေ့က ပြုလုပ်ခဲ့ပြီး ဒုတိယပိုင်းကို ဩဂုတ်လ ၁၆ ရက်နေ့တွင် ပြုလုပ်ခဲ့ကာ ထိုအစည်းအဝေးအား ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် တက်ရောက်ခဲ့ကြောင်း နေပြည်တော်မှ စစ်ဘက်ဆိုင်ရာ အရာရှိတစ်ဦးကပြောသည်။ **(Irrawaddy 160810)** Read More...
- နိုဝင်ဘာလ (၇) ရက်နေ့တွင် ရွေးကောက်ပွဲ ကျင်းပမည်ဟု ကြေညာပြီးနောက် ရွေးကောက်ပွဲတွင် ပြည်သူများပါဝင်ဆန္ဒမဲပေးရေးဝါဒဖြန့်သီချင်းများနှင့် ဇာတ်လမ်းများကို စစ်အစိုးရပိုင် ရုပ်မြင်သံကြားလိုင်းများနှင့် ရေဒီယိုလိုင်းများ၌ စတင်ထုတ်လွှင့်လျက်ရှိသည်။ **(Irrawaddy 160810)** Read More...
- ၂၀၁၀ ရွေးကောက်ပွဲအပြီး အစိုးရသစ်တက်လာပါက အသုံးပြုရန်နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံကို အပြီးသတ်ဆောက်လုပ်ရေးအတွက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဩဂုတ်လ ၁၆ ရက်နေ့တွင် နေပြည်တော်ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်ဆင်ရေးအစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည့် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၂/၂၀၁၀) ညှိနှိုင်းအစည်းအဝေးတွင် မှာကြားလိုက်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိကြီးတစ်ဦးကပြောသည်။ **(Irrawaddy 170810)** Read More...

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ၂၀၁၀ ရွေးကောက်ပွဲကျင်းပရက် ကြေညာသည့် ဩဂုတ်လ ၁၃ ရက်နေ့မှစ၍ ရွှေလီမြစ်တစ်လျှောက် တရုတ်–မြန်မာ နယ်စပ် ကူးသန်းသွားလာသော စက်လှေဆိပ်များ၌ ဒေသခံအာဏာပိုင်များက လုံခြုံရေးတိုးမြှင့်ချထားကာ ခရီးသွားလာသူများကို စစ်ဆေးနေကြောင်း ဒေသခံတစ်ဦးကပြောသည်။ **(S.H.A.N 170810)** Read More...
- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **(USDP)** စည်းရုံးရေး တာဝန်ခံ ဦးစိုင်းမြင့်ကျော်က ကချင်ပြည်နယ် ဖားကန့်မြို့ပေါ်ရှိအသက် ၁၈ နှစ်ပြည့်ပြီးသည့် သျှမ်းလူမျိုး ၁၂၀ ကို ကာယကံရှင် သဘောထားမေးမြန်းခြင်း လုံးဝ မပြုဘဲ ပါတီဝင်အဖြစ် သွတ်သွင်းလိုက်ကြောင်း ဒေသခံသျှမ်းအမျိုးသမီးတစ်ဦးကပြောသည်။ **(S.H.A.N 170810)** Read More...
- လွှတ်တော်သုံးရပ်တွင် ဝင်ရောက်ရွေးချယ်ခံမည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** က ရွေးကောက်ပွဲကော်မရှင်ထံ လွှတ်တော်အမတ်လောင်းစာရင်းတင်ပြရာတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်တွင် ဝင်ရောက်အရွေးခံမည့် အလုပ်သမားဝန်ကြီး ဦးအောင်ကြည်အပါအဝင် နယ်များတွင်ဝင်ရောက်အရွေးခံမည့် အခြားဝန်ကြီးများနှင့် ငွေကြေးတတ်နိုင်ပြီး နာမည်ပျက်မရှိသူများ၏ အမည်စာရင်းများကို ပြုစုနေသည်ဟု **USDP** တာဝန်ရှိသူတဦးကပြောသည်။ **(BBC 170810)** Read More...
- စစ်အစိုးရက ရွေးကောက်ပွဲကျင်းပမည့်အချိန် နီးကပ်လာသည်နှင့်အမျှ ပြည်တွင်းသတင်းမီဒီယာများအပေါ် တင်းကျပ်စွာဖိနှိပ်၍ သတင်းများကို ပိုမိုစိစစ်ဖြတ်တောက်လာကြောင်း ရန်ကုန်အခြေစိုက် အမှုဆောင်အယ်ဒီတာတစ်ဦးကပြောသည်။ **(Irrawaddy 180810)** Read More...
- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** အား ကိုယ်စားပြုအရွေးခံရန်အတွက် ဝန်ကြီးချုပ်ဦးသိန်းစိန် အပါအဝင် ဝန်ကြီးများ ရာထူးမှနုတ်ထွက်ပြီး လာမည့်စက်တင်လာလအတွင်း တရားဝင်မဲဆွယ်စည်းရုံးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း **USDP** အဖွဲ့ဝင်များကပြောသည်။ **(Irrawaddy 180810)** Read More...
- လက်ရှိတာဝန်ထမ်းဆောင်နေသည့် ဝန်ကြီးများကို နုတ်ထွက်စေပြီး ဝန်ကြီးဌာနများကိုလည်း အဓိကကျသည့် ဌာန ၉ ဌာနကိုသာ ထားရှိမည်ဖြစ်ကြောင်း၊ ၎င်းဝန်ကြီးဌာနများကို လက်ရှိစစ်တိုင်းမှူးများက တာဝန်ယူမည်ဖြစ်ကြောင်းနှင့် ကြားဖြတ်အစိုးရတစ်ရပ်ကို လာမည့်စက်တင်ဘာလတွင် ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ စစ်တပ်အသိုင်းအဝိုင်းကြားတွင် သတင်းထွက်ပေါ်နေကြောင်း နေပြည်တော်စစ်တပ်အသိုင်းအဝိုင်းနှင့်နီးစပ်သူတစ်ဦးက ပြောသည်။ **(Irrawaddy 180810)** Read More...
- ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ၏ အဓိကပြိုင်ဘက်သည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (တစည) နှင့် အမျိုးသားဒီမိုကရေစီအင်အားစု **NDF** တို့ဖြစ်ကြောင်း **USDP** ခေါင်းဆောင်တစ်ဦးက ဩဂုတ်လ ၁၈ ရက်နေ့က ပြောကြားလိုက်သည်။ **(Mizzima 180810)** Read More...
- မြန်မာနိုင်ငံ စာပေစိစစ်ရေးအဖွဲ့က ပြည်ထောင်စုဒီမိုကရေစီပါတီ **UDP** မှ ဩဂုတ်လ ၉ ရက်နေ့၌ ပြည်သူလူထုအကြားဖြန့်ဝေခဲ့သည့် ကြေညာချက်ကို **UDP** ပါတီ၏ စာစောင်ဖြစ်သည့် **The Union** တွင် ထည့်သွင်းဖော်ပြခြင်းမပြုရန် ညွှန်ကြားလိုက်သည်။ **(RFA 180810)** Read More...
- ဗန်းမော်ခရိုင် အေးချမ်းသာယာနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဌ ဦးသောင်းဖေက နိုင်ငံသားစိစစ်ရေးကဒ်ပြား (မှတ်ပုံတင်) မပြုလုပ်ရသေးသော ကချင်ပြည်နယ် ဗန်းမော်ခရိုင်အတွင်းရှိ ဒေသခံများအား ရွေးကောက်ပွဲကျင်းပမည့် နိုဝင်ဘာလ ၇ ရက်နေ့မတိုင်မီ ထုတ်ပေးမည်ဖြစ်ကြောင်း ဗန်းမော်ဒေသခံ ကျေးရွာဥက္ကဌနှင့် နီးစပ်သူတစ်ဦးက ပြောသည်။ **(S.H.A.N 180810)** Read More...
- ရွေးကောက်ပွဲကြိုတင်ပြင်ဆင်သည့်အနေဖြင့် စစ်တပ်၊ ရဲဘက်နှင့် အရပ်ဘက်များရှိ ညွှန်ကြားရေးမှူးအဆင့်အထိ အဆင့်မြင့်အရာရှိများကို ရာထူးမှနုတ်ထွက်ခိုင်းနေပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** တွင် ယုံကြည်စိတ်ချပြီး အသုံးချကောင်းသည့် ပါတီဌာနခွဲမှူးများအဖြစ် တာဝန်ပေးအပ်ရန် **USDP** တာဝန်ရှိသူတဦးက ပြောသည်။ **(BBC 180810)** Read More...
- ရွေးကောက်ပွဲဝင်မည့် နအဖ နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းသည် ၎င်း၏ဇာတိ ပဲခူးတိုင်း ဇီးကုန်းမြို့တွင် ဒေသခံပြည်သူများကို အခမဲ့မျက်စိစမ်းသပ်ပေးကာ မျက်မှန်များကိုပါ ပေးအပ်သည့်အစီအစဉ်တွင် ဦးဉာဏ်ဝင်း၏ဇနီးကိုယ်တိုင် လိုက်လံလုပ်ဆောင်ပေးနေသည်ဟု ဒေသခံတဦးက ပြောသည်။ **(BBC 180810)** Read More...

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **(USDP)** အား ထောက်ခံမဲပေးမည့်သူ ၁၆ သန်း ရှိနိုင်ပြီး ရွေးကောက်ပွဲတွင် ၅၀ ရာခိုင်နှုန်းကျော်ဖြင့် အနိုင်ရမည်ဟု ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လက်ရင်းလူယုံဖြစ်သူ အမှတ် ၁ စက်မှုဝန်ကြီး ဦးအောင်သောင်းက ပြောဆိုလိုက်သည်။ **(Mizzima 190810)** **Read More...**
- ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့နယ်ခွဲတို့တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း **USDA** က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** အနိုင်ရရှိရေးအတွက် ၎င်းတို့အသင်းဝင်များနှင့်နီးစပ်သူ ဒေသခံများကို လျှို့ဝှက်စွာစည်းရုံးနေသည်။ **(IMNA 190810)** **Read More...**
- နေပြည်တော်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ၏ ဌာနချုပ်ရုံးအပါအဝင် တစ်နိုင်ငံလုံးရှိရုံးခွဲများကို ဩဂုတ်လ ၂၀ ရက်နေ့ နံနက် ၈ နာရီ ၄၅ မိနစ်နှင့် ၉ နာရီ ၄၅ မိနစ်အတွင်း တပြိုင်နက်တည်း ဖွင့်လှစ်ခဲ့ကြကြောင်း **USDP** ပါတီဝင်များကပြောသည်။ **(Irrawaddy 200810)** **Read More...**, **NEJ...**
- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ၏ မန္တလေးတိုင်း ရုံးချုပ်ဖွင့်ပွဲကို ဩဂုတ်လ ၂၀ ရက်နေ့တွင် ကျင်းပခဲ့ရာ တိုင်းတွဲဘက်တာဝန်ခံ ဦးအောင်ကျော်သာက မန္တလေးတိုင်း တစ်တိုင်းလုံးတွင် ပါတီဝင်အင်အား ၂၈ သိန်းရှိမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ **(Irrawaddy 200810)** **Read More...**
- မြန်မာစစ်အစိုးရမှ လာမည့်အပတ်တွင် ရာထူးအပြောင်းအလဲများ ပြုလုပ်ရန်ရှိပြီး ဒု–ဗိုလ်ချုပ်ကြီးအဆင့်ရှိ စစ်အရာရှိကြီး ၁၀ ဦးက ရာထူးမှအနားယူမည်ဖြစ်ကြောင်းနှင့် ၎င်းဝန်ကြီးများသည် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန သတင်းရပ်ကွက်မှဆိုသည်။ **(Mizzima 200810)** **Read More...**
- ဩဂုတ်လ ၂၀ ရက်နေ့တွင် ဖွင့်လှစ်လိုက်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** ၏ ရန်ကုန်တိုင်း ဌာနချုပ်ရုံး ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံခြားသတင်းထောက်များကို ဖိတ်ကြားခြင်း မရှိသည့်အပြင် တက်ရောက်လာသော ပြည်တွင်းသတင်းထောက်များလည်း ကန့်သတ်ခံရသည်ဟု ရန်ကုန်မြို့ခံတဦးကပြောသည်။ **(RFA 200810)** **Read More...**
- ပြည်ထောင်စုကြံ့ခိုင်းရေး နှင့်ဖွံ့ဖြိုးရေးပါတီ **(USDP)** ပါတီဝင်အဖြစ် တစ်ရွာလျင် အနည်းဆုံး လူ (၁၀) ဦးစီ ဝင်ရောက်ကြရန် ချင်းပြည်နယ်၊ ဖလမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဌက အမိန့်ထုတ်ထားသည်ဟု ကျေးရွာအုပ်စုဥက္ကဌတစ်ဦးကပြောသည်။ **(Khonumthung 200810)** **Read More...**
- ၂၀၁၀ ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲဝင်မည့်လွှတ်တော်ကိုယ်စားလှယ်လောင်းများ စုဝေးဟောပြောခွင့်နှင့် မဲဆွယ်စည်းရုံးခွင့်ဆိုင်ရာ နည်းလမ်းများနှင့်စည်းကမ်းချက်များကို နိုင်ငံပိုင်ရုပ်မြင်သံကြားမှ ဩဂုတ်လ ၁၈ ရက်နေ့တွင် ထုတ်ပြန်ကြေညာလိုက်သည်။ **The Myanmar Times** အတွဲအမှတ် (၂၄၊ အမှတ် ၄၈၀) **Read More...**
- ၂၀၁၀ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ချင်းပြည်နယ်မှ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ **(NUP)** လွှတ်တော်ကိုယ်စားလှယ်လောင်းများအား သက်ဆိုင်ရာ ဗဟိုဌာနချုပ်မှ ကျပ်ငွေ (၅) သိန်းစီကျခံမည်ဖြစ်ကြောင်း ဖလမ်းမြို့မှ **NUP** ပါတီဝင်တစ်ဦးကပြောသည်။ **(Khonumthung 210810)** **Read More...**

## အတိုက်အခံအဖွဲ့အစည်းများ

### (က) ပြည်တွင်းအင်အားစုများ

- ပြည်တွင်းအခြေစိုက် လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေးကွန်ယက်အဖွဲ့မှ ပြောခွင့်ရသူ ဦးစောဘန်းက နိုင်ငံပြုပြင်ပြောင်းလဲရေးတွင် နိုင်ငံရေးအကျဉ်းသားများက ပါဝင်ဆောင်ရွက်နိုင်သောကြောင့် ၎င်းတို့လွတ်မြောက်ရေးအတွက် ရွေးကောက် ပွဲဝင်မည့်နိုင်ငံရေးပါတီတိုင်းက တာဝန်ရှိကြောင်း ပြောကြားလိုက်သည်။ **(BBC 150810)** **Read More...**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဉာဏ်ဝင်း ဦးဆောင်သောအဖွဲ့သည် ဩဂုတ်လ ၁၆ ရက်နေ့က ရောဝတီတိုင်း ကော့သောင်းမြို့သို့ရောက်ရှိကာ **NLD** အနေဖြင့် ရှေ့ဆက်၍ ပိုမိုကျစ်လစ်ခိုင်မာစွာ ရပ်တည်နိုင်ရန်အတွက် ဒေသခံအဖွဲ့ချုပ် အဖွဲ့ဝင်များနှင့်တွေ့ဆုံဆွေးနွေးဖလှယ်ခဲ့ကြသည်။ **(DVB 160810)** **Read More...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ခေါင်းဆောင်များက ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပတ်သက်၍ မကွေးတိုင်းအတွင်းရှိ ရေနံချောင်း၊ မင်းဘူး၊ စကု၊ တောင်တွင်းကြီး၊ နတ်မောက်စသည့်ဒေသများမှ ဒေသခံပြည်သူများကို သွားရောက်ရှင်းလင်းချပြပေးနေကြောင်း **NLD** မကွေးတိုင်း စည်းရုံးရေးမှူး ဒေါ်ခင်စောဌေးကပြောသည်။ **(RFA 160810)** [Read More...]
- ရွေးကောက်ပွဲ ပါဝင်မယှဉ်ပြိုင်ရန် ဆုံးဖြတ်ထားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဗဟိုအလုပ်အမှုဆောင် ဦးဉာဏ်ဝင်း ဦးဆောင်သောအဖွဲ့သည် ဩဂုတ်လ ၁၇ ရက်နေ့က ကော့သောင်းမြို့ရှိ **NLD** အဖွဲ့ဝင်များကို မဲဆန္ဒပေးခြင်းဆိုင်ရာအသိပညာများ ရှင်းပြခဲ့ကြောင်း ဦးဉာဏ်ဝင်းကပြောသည်။ **(Mizzima 170810)** [Read More...]
- ရွေးကောက်ပွဲ၌ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ပါဝင်သင့်သူများအားလုံး ပါဝင်နိုင်မှသာ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲတစ်ခုဖြစ်မည်ဟု ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် နိုင်ငံရေးအကျဉ်းသားတစ်ဦးဖြစ်သည့် ကိုဌေးကြွယ်ကပြောဆိုလိုက်ကြောင်း ထောင်ဝင်စာသွားတွေ့ခဲ့သည့် ယောက်ဖတော်စပ်သူ ဦးဖြိုးမင်းသိန်းကပြောသည်။ **(Irrawaddy 170810)** [Read More...]
- မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲကျင်းပခြင်း၊ အုပ်ချုပ်ရေးတွင် လွှတ်တော်များပေါ်ပေါက်လာမည်ဖြစ်သော်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ကြိုးပမ်းနေသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးလမ်းစဉ်သည် ဆက်လက်ရှင်သန်နေမည်ဖြစ်ကြောင်းနှင့် ဒုတိယပင်လုံညီလာခံခေါ်ယူပေးရန် **NLD** ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းတင်က ပြောသည်။ **(RFA 180810)** [Read More...]
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဗဟိုအလုပ်အမှုဆောင်များနှင့် ဗဟိုဦးစီးအဖွဲ့ဝင်များ ဩဂုတ်လ ၁၉ ရက်နေ့က အစည်းအဝေးတစ်ရပ်ကို ဒု-ဥက္ကဋ္ဌ ဦးတင်ဦးနေအိမ်တွင် ပြုလုပ်ခဲ့ကာ **NLD** အနေဖြင့် ၂၀၁၀ ရွေးကောက်ပွဲကို သပိတ်မှောက်ရန် ဆုံးဖြတ်လိုက်ကြောင်း ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးအုန်းကြိုင်ကပြောသည်။ **(Irrawaddy 190810)** [Read More...], [RFA...]
- ရွေးကောက်ပွဲအားဆန့်ကျင်သည့် စာရွက်စာတမ်းများလိုက်လံဖြန့်ဝေသူ ရန်ကုန်တိုင်းတွံတေးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** အဖွဲ့ဝင် ဦးမြင့်စိုးကို အာဏာပိုင်များက ဩဂုတ်လ ၁၈ ရက်နေ့တွင် ဖမ်းဆီးလိုက်သည်။ **(DVB 190810)** [Read More...]
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ပါတီက မြန်မာစစ်အစိုးရ ကျူးလွန်ခဲ့သည့် စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်စုအပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများကို ကုလသမဂ္ဂ စုံစမ်းစစ်ဆေးရေး ကော်မရှင်ဖွဲ့စည်းရေးကိစ္စကို အမေရိကန်အစိုးရက ထောက်ခံလိုက်သည့်အပေါ် ကြိုဆိုထောက်ခံကြောင်း ပါတီဒု-ဥက္ကဋ္ဌ ဦးတင်ဦးက ပြောကြားလိုက်သည်။ **(VOA 190810)** [Read More...]
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒု-ဥက္ကဋ္ဌ ဦးတင်ဦးနှင့် ဦးဝင်းတင်တို့ ဦးဆောင်သောအဖွဲ့သည် ရန်ကုန်တိုင်းကော့မှူးမြို့မှ နိုင်ငံရေးအကျဉ်းသူ မစုစုနွေး၏ မိသားစုနှင့် ကွမ်းခြံကုန်းမှ နိုင်ငံရေးအကျဉ်းသား ကိုဝေလင်းတို့၏ မိသားစုဝင်များကို အားပေးစကား သွားရောက်ပြောကြားခဲ့ကြသည်။ **(DVB 200810)** [Read More...]
- တနင်္သာရီတိုင်း၊ မြိတ်မြို့တွင်ရောက်ရှိနေသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာ ဒေါ်မေဝင်းမြင့်၊ ဦးဟံသာမြင့်၊ ဦးလှမင်းနှင့် ဦးအောင်စိုးတို့အဖွဲ့သည် မြိတ်မြို့နယ် အဖွဲ့ချုပ်ဝင် ၇၀ ကျော်နှင့်တွေ့ဆုံကာ အဖွဲ့ချုပ်၏ လက်ရှိရပ်တည်ချက်နှင့် ရှေ့လုပ်ငန်းစဉ်များအကြောင်း ပြောဆိုဆွေးနွေးခဲ့သည်ဟု ဗဟိုကော်မီတီအဖွဲ့ဝင် ဦးဟံသာမြင့်က ပြောသည်။ **(DVB 200810)** [Read More...]
- စစ်အစိုးရ ထုတ်ပြန်လိုက်သည့် ရွေးကောက်ပွဲဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကြောင့် ရွေးကောက်ပွဲနီးလာသည်နှင့်အမျှ နိုင်ငံရေးပါတီများရင်ဆိုင်ရသည့်အခက်အခဲများ ပို၍ကြီးမားလာကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** က ပြောဆိုလိုက်သည်။ (**RFA 210810)** [Read More...]

## (ခ) တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- ချင်းအမျိုးသားတပ်ဦးက ဩဂုတ်လ (၆) ရက်နေ့မှ (၁၃) ရက်နေ့အထိ ကျင်းပခဲ့သည့် စတုတ္ထအကြိမ်မြောက်ညီလာခံ၏ ဒုတိယအကြိမ်မြောက် ဗဟိုကော်မတီအစည်းအဝေးတွင် တပ်ဦးအင်အားတိုးချဲ့ရန်အပါအဝင် နအဖကျင်းပမည့်ရွေးကောက်ပွဲအား ဆန့်ကျင်သွားမည်ဖြစ်ကြောင်း ဆုံးဖြတ်လိုက်သည်။ **(DVB 150810)** [Read More...]

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



## (ဂ) ပြည်ပအင်အားစုများ

- မြန်မာစစ်အစိုးရ၏ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုဝင်ဘာလ ၇ ရက်နေ့ကို ရွေးကောက်ပွဲကျင်းပမည့်ရက်အဖြစ် သတ်မှတ်လိုက်ခြင်းနှင့်ပတ်သက်၍ ပြည်ပရောက် မြန်မာ့ဒီမိုကရေစီအင်အားစုများပူးပေါင်းကာ အမေရိကန်နိုင်ငံ အင်ဒီယားနားပြည်နယ် ဖို့ဝိန်းမြို့တွင် ဩဂုတ်လ ၁၅ ရက်နေ့က ဆန္ဒပြခဲ့ကြသည်။ **(RFA 160810)** **Read More...**
- မကြာခင်ကျင်းပမည့် ၆၅ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံတွင် တင်သွင်းမည့် မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက် အမှတ် ၂၀ အတွက် မူကြမ်းကို **EU** ဥရောပသမဂ္ဂအဖွဲ့နိုင်ငံများက ရေးဆွဲနေချိန်တွင် ညီလာခံ၌ နအဖစစ်ခေါင်းဆောင်များကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများကို စုံစမ်းဆေးရေးအတွက် ကော်မတီတစ်ရပ်ထူထောင်ရန် ဗြိတိန်အခြေစိုက် **Burma Campaign UK** မှ တောင်းဆိုလိုက်ကြောင်း အဖွဲ့တာဝန်ခံ မာ့ခ်ဖာမနာ **(Mark Farminer)** ကပြောသည်။ **(VOA 160810)** **Read More...**
- စစ်အစိုးရ၏ ရွေးကောက်ပွဲသည် ၂၀၀၈ အခြေခံဥပဒေကို ပြန်လည်ပြင်ဆင်မှုမရှိသည့်အပြင် တိုင်းရင်းသားခေါင်းဆောင်များအပါအဝင် အတိုက်အခံခေါင်းဆောင်များနှင့် ညှိနှိုင်းတိုင်ပင်ဆွေးနွေးမှုမရှိသဖြင့် ရွေးကောက်ပွဲကို အသိအမှတ်မပြုနိုင်ကြောင်း ကနေဒါရောက် ကရင်နီအမျိုးသားလူမှုအသိုင်းအဝန်း **(KNCC)** မှ ပြောရေးဆိုခွင့်ရှိသူ ခွန်မျိုးမင်းလတ်က ပြောသည်။ **(KT 170810)** **Read More...**
- နအဖစစ်အစိုးရကျူးလွန်နေသည့် ရာဇဝတ်မှုနှင့်စစ်ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးမည့် ကုလသမဂ္ဂကော်မရှင်တစ်ရပ် ဖွဲ့စည်းရေးကိစ္စကို အမေရိကန်အစိုးရက ဩဂုတ်လ ၁၇ ရက်နေ့တွင် ထောက်ခံကြောင်း ဆုံးဖြတ်လိုက်သည့်အပေါ် ဗြိတိန်နိုင်ငံအခြေစိုက် မြန်မာ့ဒီမိုကရေစီရေးနှင့်လူ့အခွင့်အရေးအဖွဲ့ **Burma Campaign UK** က ကြိုဆိုလိုက်သည်။ **(RFA 180810)** **Read More...**, **VOA...**
- ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစုမှ စစ်ရေးအကဲခတ် ဦးဌေးအောင်က ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ၎င်းလိုချင်သော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်း ဆက်လက်အကောင်အထည်ဖော်ရန်အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ကို ရွေးကောက်ပွဲဝင်ရန် ပြင်ဆင်နေမှုနှင့် တပ်မတော်တွင် စိတ်ချရသူများ၊ ဩဇာညောင်းသူများနှင့် ပြန်လည်ဖွဲ့စည်းရန်ရှိကာ အာဏာကို တစ်ဦးတည်း ချုပ်ကိုင်ထားမည်ဟု ပြောကြားလိုက်သည်။ **(BBC 200810)** **Read More...**
- မြန်မာနိုင်ငံရှေ့နေများကောင်စီ **BLC** အထွေထွေအတွင်းရေးမှူး ဦးအောင်ထူးက မြန်မာစစ်အစိုးရကျူးလွန်သည့် စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သည့်ရာဇဝတ်မှုများကို ကုလသမဂ္ဂမှ စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ဖွဲ့စည်းရေးကို အမေရိကန်ပြည်ထောင်စုမှ ထောက်ခံလိုက်ခြင်းသည် မြန်မာနိုင်ငံလူ့အခွင့်အရေးအတွက် အရေးပါသည့် တိုးတက်မှုတစ်ရပ်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ **(RFA 190810)** **Read More...**
- ဂျပန်နိုင်ငံရောက် မြန်မာ့အရေးဆောင်ရွက်နေသည့် အဖွဲ့အစည်းများက ဩဂုတ်လ ၂၁ ရက်နေ့၌ ပြုလုပ်သည့် အဖွဲ့ပေါင်းစုံအစည်းအဝေးတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** မှ ရွေးကောက်ပွဲကို သပိတ်မှောက်မည်ဖြစ်ကြောင်း ထုတ်ပြန်လိုက်သည့်သဘောထားကို ထောက်ခံကြောင်း ကြေညာချက်တစ်စောင် ထုတ်ပြန်လိုက်သည်။ **(RFA 210810)** **Read More...**

### အပစ်ရပ်အဖွဲ့အစည်းများ

### နယ်ခြားစောင့်တပ် အသွင်မပြောင်းရသေးသည့်အဖွဲ့များ

- တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် **(DKBA)** တပ်မဟာ (၉၉၉) ဌာနချုပ် ဗျူဟာမှူး ဗိုလ်မှူးကြီး စောချစ်သူ အပါအဝင် တပ်ရင်းမှူး မောင်ဝင်း၊ ဗိုလ်မှူးဆန်းလေးနှင့် တပ်ဖွဲ့ဝင်တချို့သည် နယ်ခြားစောင့်တပ်အသွင်ကူးပြောင်းရေးအတွက် နေပြည်တော်ရှိ အစိုးရအာဏာပိုင်များနှင့် ဩဂုတ်လဆန်းပိုင်းက (၁၀)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



ရက်ခန့်ကြာ သွားရောက်တွေ့ဆုံခဲ့ကြောင်း ကရင်အမျိုးသားအစည်းအရုံး **KNU** ဘားအံခရိုင် ဥက္ကဋ္ဌ ပဒိုစောအောင်မော်အေးကပြောသည်။ **(Irrawaddy 170810)** Read More...

- နယ်ခြားစောင့်တပ် အသွင်ပြောင်းရေးလက်မခံသည့် တပ်မဟာ ၅ တပ်မဟာမှူး ဗိုလ်မှူးကြီးစောလားဘွယ် (ခေါ်) နှုတ်ခမ်းမွှေးထံသို့ နယ်ခြားစောင့်တပ်အသွင်ပြောင်းသွားပြီဖြစ်သည့် တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် **DKBA** တပ်ရင်း အမှတ် ၉၀၇ မှ တပ်ဖွဲ့ဝင်အချို့ ထပ်မံလာရောက်ပူးပေါင်းခဲ့ကြောင်း လာရောက်ပူးပေါင်းခဲ့သူ တပ်ခွဲမှူးစောသာတောကပြောသည်။ **(DVB 190810)** Read More...
- စစ်ဖက်ဆိုင်ရာ လုံခြုံရေးအရာရှိချုပ် ဒု–ဗိုလ်ချုပ်ကြီးရဲမြင့်က **UWSA** ဝ ပြည်သွေးစည်းညီညွတ်ရေးတပ်မတော်မှ ခေါင်းဆောင်အချို့၊ မိုင်းလားအဖွဲ့မှ ခေါင်းဆောင်အချို့နှင့် ဩဂုတ်လ ၂၀ ရက်နေ့က သျှမ်းပြည်မြောက်ပိုင်း တန့်ယန်းမြို့တွင် တွေ့ဆုံရာ ရွေးကောက်ပွဲ၌ ၎င်းတို့နယ်မြေအတွင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ **(DVB 200810)** Read More...

## နယ်ခြားစောင့်တပ်အသွင်ပြောင်းပြီးသည့်အဖွဲ့များ

- ဥက္ကဋ္ဌ ဗိုလ်ချုပ်လွယ်မောဝ်းဦးဆောင်သည့် အပစ်ရပ်သျှမ်းပြည်တပ်မတော် (မြောက်ပိုင်း) စိန်ကျော့ (ဆင်ကျော့) ဌာနချုပ်အဖွဲ့နှင့်အတူ ပြည်သူ့စစ်အသွင်ပြောင်းရန် လက်ခံထားသော လက်အောက်ခံ တပ်မဟာ ၃ တို့သည် လွှန်ခဲ့သည့်အပတ်က ပြည်သူ့စစ်ယူနီဖောင်းလဲလိုက်ပြီဖြစ်ကြောင်း ဒေသခံတစ်ဦးကပြောသည်။ **(S.H.A.N 160810)** Read More...
- တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော် **DKBA** တပ်ဖွဲ့ဝင်အချို့သည် နယ်ခြားစောင့်တပ်အသွင်ပြောင်းလဲ ရေးအခမ်းအနားတစ်ရပ်ကို ဩဂုတ်လ ၁၈ ရက်နေ့တွင် **DKBA** ဌာနချုပ် မြိုင်ကြီးငူ၌ ပြုလုပ်ခဲ့ရာ နအဖ တပ်မတော် ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် ၄ အထူးစစ်ဆင်ရေးတပ်ဖွဲ့မှူး ဒု–ဗိုလ်ချုပ်ကြီးခင်ဇော်၊ စစ်ဘက်ရေးရာလုံခြုံရေးအ ရာရှိချုပ် ဒု–ဗိုလ်ချုပ်ကြီးရဲမြင့်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း အပါအဝင် တပ်မှူး၊ တပ်သား ၄၀ ခန့်တက်ရောက်ခဲ့သည်။ **(DVB 180810)** Read More...
- နယ်ခြားစောင့်တပ်အသွင်ပြောင်းရာတွင် ပိုလျှံသည့် တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် **DKBA** တပ်ဖွဲ့ဝင် (၂,၀၀၀) ကျော်အား အဖွဲ့မှထုတ်ပယ်လိုက်သည့်ကိစ္စနှင့်ပတ်သက်၍ **DKBA** ခေါင်းဆောင်များ ပေးဆပ်ကြရမည်ဟု အပယ်ခံရသည့်တပ်မှူးတစ်ဦးကပြောသည်။ **(NEJ 190810)** Read More...

## နိုင်ငံရေးပါတီတည်ထောင်ခွင့်ရပြီးသောပါတီများ

- ရွေးကောက်ပွဲဝင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများစာရင်းကို ရက်သတ္တ ၂ ပတ်အတွင်း တင်သွင်းရမည်ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာလိုက်ရာ နိုင်ငံရေးပါတီအများစုသည် ပြင်ဆင်ချိန်နည်းပါးနေသောကြောင့်ဖြင့် ရွေးကောက်ပွဲကို တစ်နိုင်ငံလုံးအတိုင်းအတာအရ ဝင်ရောက်ယှဉ်ပြိုင်ရန်ခက်ခဲကြောင်း ပြည်ထောင်စုဒီမိုကရေစီပါတီ **UDP** ဒု–ဥက္ကဋ္ဌ ဦးဒွေးကပြောသည်။ **(Irrawaddy 160810)** Read More...
- ရွေးကောက်ပွဲကျင်းပရေးကော်မရှင်က လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းများကို ဩဂုတ်လကုန်ပိုင်းတွင် တင်သွင်းရမည်ဖြစ်ကြောင်း ကြေညာလိုက်ပြီးနောက် နိုင်ငံရေးပါတီများက ရွေးကောက်ပွဲတွင် တသီးပုဂ္ဂလအနေဖြင့် ဝင်ရောက်အရွေးခံရန် ဆန္ဒရှိသူများကို ဦးစားပေးစည်းရုံးသွားမည်ဖြစ်ကြောင်း နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများကပြောသည်။ **(DVB 160810)** Read More...
- အမျိုးသားဒီမိုကရေစီအင်အားစု **(NDF)** ပါတီက ရွေးကောက်ပွဲဝင်ပြိုင်ကြမည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကို ၂ ပတ်အတွင်း တင်သွင်းရန် သတ်မှတ်ထားသော်လည်း ၎င်းထက်အချိန်ပိုပေး ရန် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌထံသို့ စာရေးတောင်းဆိုလိုက်သည်။ **(VOA 160810)** Read More...

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- သျှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ **SNDP** ခေါ် ကျားဖြူပါတီသည် ဩဂုတ်လ ၁၅ ရက်နေ့က တာချီလိတ်မြို့ ဆန်ဆိုင်း (က) ရပ်ကွက်တွင် မြို့နယ်ကော်မတီရုံးခွဲ ဖွင့်ပွဲတစ်ရပ်ပြုလုပ်ခဲ့ကြောင်း ပါတီဝင်တစ်ဦးက ပြောသည်။ **(S.H.A.N 160810)** **Read More...**
- ကရင်ပြည်နယ် ကိုယ်စားပြုပါတီတစ်ခုဖြစ်သော ဖလုံ–စဝေါ် ဒီမိုကရက်တစ်ပါတီ **(Phlone-Sguaw Democratic Party** သည် လွန်ခဲ့သည့် ၂ လခန့်မှစ၍ ပါတီဝင်များ လိုက်လံစည်းရုံးလျှက်ရှိရာ လက်ရှိအချိန်တွင် အင်အားတစ်သောင်းရှိပြီဟု ပါတီ ဥက္ကဌ စောခင်မောင်မြင့်က အတည်ပြုပြောကြားလိုက်သည်။ **(KIC 160810)** **Read More...**
- ကချင်ပြည်နယ်ကိုယ်စားပြု စည်းလုံးညီညွတ်ရေးနှင့်ဒီမိုကရေစီပါတီ ကချင်ပြည်နယ် **(UDPKS)** မှ ဖြန့်ဝေသည့် စည်းရုံးရေးမူဝါဒ၊ လမ်းစဉ်၊ ပါတီအလံ၊ တံဆိပ်နှင့်ပတ်သက်သည့် အကြောင်းအရာများအပြင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** နှင့် မဟာမိတ်ဖြစ်ကြောင်းကို အတိအလင်းဖော်ပြထားကြောင်း မြစ်ကြီးနားမြို့ခံ ကချင်တိုင်းရင်း သားတစ်ဦးကပြောသည်။ **(NEJ 170810)** **Read More...**
- ပြည်ထောင်စုဒီမိုကရေစီပါတီ **UDP** က ရွေးကောက်ပွဲဝင် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းရမည့်အချိန် နည်းနေခြင်း၊ အမတ်လောင်းတစ်ဦးကို ကျပ်ငွေ ၅ သိန်း ပေးဆောင်ရမည့် ငွေကြေးပမာဏသည် ပါတီအများစုကို ရွေးကောက်ပွဲဝင်ပြိုင်နိုင်ရန် အခက်အခဲဖြစ်စေသောကြောင့် ၎င်းအချက်များကို ရွေးကောက်ပွဲကော်မရှင်မှ ပြင်ဆင်ပေးရန် ဩဂုတ်လ ၁၇ ရက်နေ့တွင် တောင်းဆိုလိုက်သည်။ **(RFA 170810)** **Read More...**
- ကချင်ပြည်နယ်အတွင်း ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ **SNDP** သည် ပါတီစည်းရုံးရေးဆင်းရာတွင် ဒေသခံအာဏာပိုင်များက နေအိမ်များအထိ လိုက်လံစုံစမ်းစစ်ဆေးမှု၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၏ ကြိုတင်မဲစာရင်းကောက်ထားမှုတို့ကြောင့် ပြည်သူများပါတီဝင်ရန် အခက်အခဲဖြစ်နေသည်ဟု **SNDP** ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်တဦးက ပြောသည်။ **(DVB 170810)** **Read More...**
- ချင်းတိုးတက်ရေးပါတီ၏ အမတ်လောင်းကိုယ်စားလှယ် အင်အားစာရင်းနှင့် ပါတီဝင်အင်အား စာရင်းရရှိထားပြီဖြစ်သောကြောင့် ၎င်းအင်အားစာရင်းကို ဩဂုတ်လ ၁၈ ရက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံသွားရောက်တင်သွင်းမည်ဖြစ်ကြောင်း ပါတီ ဥက္ကဌ နိုထန်ကတ်က ပြောသည်။ **(DVB 170810)** **Read More...**
- ပါတီအထွေထွေအတွင်းရေးမှူး ဒေါက်တာမင်းနွယ်စိုးဦးဆောင်သည့် မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ **AMRDP** သည် ရွေးကောက်ပွဲကော်မရှင်မှ ဥပဒေများတင်းကြပ်ထားသည့်ကြားမှ မွန်ပြည်နယ် ရေးမြို့နယ်နှင့်ခေါဇာမြို့နယ်ခွဲတို့တွင် မဲဆွယ်စည်းရုံးရေးခရီးဆင်းနေဆဲဖြစ်ကြောင်း ဒေသခံတစ်ဦးကပြောသည်။ **(Kaowao 170810)** **Read More...**
- မှတ်ပုံတင်ခွင့်ရရှိထားပြီးသော နိုင်ငံရေးပါတီများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ခွင့်ပြုထားသောနေရာများတွင်သာ မဲဆွယ်စည်းရုံးဟောပြောခွင့်ရှိကြောင်း အမျိုးသားနိုင်ငံရေးမဟာမိတ်အဖွဲ့ချုပ်မှ အတွင်းရေးမှူး (၂) ဦးလှအောင်ကပြောသည်။ **(Irrawaddy 180810)** **Read More...**
- လာမည့် နိုဝင်ဘာ ၇ ရက်တွင် ရွေးကောက်ပွဲကျင်းပမည်ဟူသည့် ထုတ်ပြန်ကြေညာချက်ကြောင့် အချိန်အကြပ်အတည်းနှင့်ရင်ဆိုင်ရကာ သျှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ **SNDP** က မြို့နယ်ကော်မတီရုံးခွဲ ဆက်လက်ဖွင့်လှစ်ရေးထက် ကိုယ်စားလှယ်လောင်းရွေးချယ်ရေးအတွက် အလျင်စလိုဦးစားပေးလုပ်ဆောင်နေရကြောင်း ပြန်ကြားရေးတာဝန်ခံ စိုင်းထွန်းအေးကပြောသည်။ **(S.H.A.N 180810)** **Read More...**
- ကယန်းလူမျိုးများအား ကိုယ်စားပြု၍ ၂၀၁၀ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ကယန်းအမျိုးသားပါတီ **(KNP)** သည် ၎င်းတို့ပါတီဝင်အင်အားစာရင်းများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတ်မှတ်ရက်အတွင်း ကော်မရှင်ထံသို့ လာရောက်တင်ပြခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **(KT180810)** **Read More...**
- လွှတ်တော်ကိုယ်စားလှယ်စာရင်းတင်သွင်းရမည့်အချိန် ၂ ပါတ် နှင့် ကိုယ်စားလှယ်တဦးကို ငွေ ၅ သိန်း တင်သွင်းရမည့်ပမာဏကြောင့် ဒီမိုကရက်တစ်ပါတီ (မြန်မာ)၊ ဝံသာနုအန်အယ်လ်ဒီပါတီ၊ မြန်မာ့ဒီမိုကရေစီ ကွန်ဂရက်ပါတီနှင့် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်တို့အနေဖြင့် အခက်အခဲများနှင့်ရင်ဆိုင်နေရကြောင်း ပါတီခေါင်းဆောင်များကပြောသည်။ **(DVB 180810)** **Read More...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ပါတီ (မြန်မာ) ကိုယ်စား ဝင်ရောက်အရွေးခံလိုသော အများပြည်သူများသည် ၎င်းတို့ပါတီသို့ ဆက်သွယ်နိုင်ကြောင်း ဩဂုတ်လ ၁၉ ရက်နေ့တွင် ကြေညာချက်ထုတ်ပြန်လိုက်သည်ဟု ပါတီ ဥက္ကဌ ဦးသုဝေကပြောသည်။ **(NEJ 190810)** **Read More...**
- သျှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ **SNDP** ခေါ် ကျားဖြူပါတီသည် နိုဝင်ဘာလ ၇ ရက်နေ့၌ ကျင်းပမည့် ရွေးကောက်ပွဲတွင် လွှတ်တော်အဆင့် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် အမျိုးသမီးအမတ်လောင်းများလည်း ပါဝင်မည်ဖြစ်ကြောင်း **SNDP** ပါတီဝင်တစ်ဦးကပြောသည်။ **(S.H.A.N 190810)** **Read More...**
- ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ် ဥက္ကဌ ဦးအေးလွင်က ရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်လိုက်သည့် မဲဆွယ်စည်းရုံးရေး စည်းကမ်းချက်များထဲတွင် လူစုလူဝေးရန်နှင့် ဟောပြောပွဲများပြုလုပ်ရန်အတွက် ၇ ရက် ကြိုတင်အကြောင်းကြားရမည်ဆိုသည့်အချက်သည် မလိုအပ်သည့် စည်းကမ်းချက်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ **(BBC 190810)** **Read More...**
- အမျိုးသားဒီမိုကရေစီအင်အားစု **NDF** က ဩဂုတ်လ ၁၉ ရက်နေ့၌ မန္တလေးမြို့တွင် ပါတီရုံးခန်းသစ်ဖွင့်ပွဲ အခမ်းအနားတစ်ရပ် ပြုလုပ်ခဲ့ကြောင်း ပါတီ ဥက္ကဌ ဒေါက်တာသန်းငြိမ်းကပြောသည်။ **(RFA 190810)** **Read More...**
- ဒီမိုကရက်တစ်ပါတီ (မြန်မာ)၏ ဥက္ကဌ ဦးသုဝေက ရွေးကောက်ပွဲကော်မရှင်မှ ဩဂုတ်လ ၁၈ ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်လိုက်သည့် မဲဆွယ်စည်းရုံးရေး စည်းကမ်းချက်များသည် နိုင်ငံရေးပါတီများ၏ လုပ်ပိုင်ခွင့်များကို ပိုမိုတင်းကြပ်လိုက်ခြင်းဖြစ်သည်ဟု ပြောကြားလိုက်သည်။ **(RFA 190810)** **Read More...**
- ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ **RNDP** ၏ ဥက္ကဌ ဒေါက်တာအေးမောင်က "အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ၏ ၂၀၁၀ ရွေးကောက်ပွဲကို သပိတ်မှောက်ရန် ဆုံးဖြတ်ချက်ကြောင့် ပြည်မရှိ နိုင်ငံရေးပါတီများအတွင်း ထိခိုက်မှုများပြားပြီး တိုင်းရင်းသားဒေသရှိ ပါတီများအပေါ် ထိခိုက်မှုမရှိ" ဟု ပြောသည်။ **(VOA 200810)** **Read More...**
- ဒီမိုကရက်တစ်ပါတီ (မြန်မာ) အထွေထွေအတွင်းရေးမှူး ဒေါ်ချိုချိုကျော်ငြိမ်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ် ဥက္ကဌ ဦးအေးလွင်တို့က "မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ရုံးဖွင့်ပွဲတွင် ပြည်ခိုင်ဖြိုးပါတီနိုင်ရမည်၊ နိုင်ရမည်ဆိုသည့် ကြွေးကြော်ခဲ့မှုများသည် ရွေးကောက်ပွဲကော်မရှင်၏ မဲဆွယ်စည်းရုံးရေးဆိုင်ရာ ကန့်သတ်ချက်များကို စတင်ချိုးဖောက်နေခြင်းဖြစ်သည်"ဟု ဝေဖန်ပြောဆိုလိုက်သည်။ **(DVB 200810)** **Read More...**
- ၂၀၁၀ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့်ပါတီ၏ လွှတ်တော်ကိုယ်စားလှယ်လောင်းစာရင်းများကို ကြိုတင်မပေးသေးဘဲ ရွေးကောက်ပွဲကာလနီးလာမှသာ စာရင်းတင်သွင်းမည်ဟု မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ **(AMRDP)** ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးက ပြောသည်။ **(IMNA 200810)** **Read More...**
- စစ်အစိုးရက ကျင်းပပြုလုပ်ပေးမည့် အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ဖလုံ– စဝေါ် ဒီမိုကရက်တစ်ပါတီ **(PSDP)** သည် စည်းရုံးရေးလုပ်ငန်းများ စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း ပါတီဥက္ကဌဖြစ်သူ စောခင်မောင်မြင့်က ပြောသည်။ **(Kaowao 200810)** **Read More...**
- အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီမှ ဒုတိယ ဥက္ကဌ (၂) ဦးအုန်းလွင်က ရွေးကောက်ပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP**၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ **NDF** နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (တစည) တို့ အဓိကယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ **The Myanmar Times** အတွဲ အမှတ် (၂၄၊ အမှတ် ၄၈၀) **Read More...**
- ရွေးကောက်ပွဲကျင်းပမည့်ရက်ကို ဩဂုတ်လ ၁၃ ရက်နေ့က ထုတ်ပြန်ခဲ့ရာ ရန်ပုံငွေအတွက် ခေါင်းခဲနေရသော ပါတီအချို့သည် ယခင်ထက်ပို၍အဆင်ပြေလာကြောင်း၊ သို့သော် မကြာမီကမှ မှတ်ပုံတင်ကျထားသော ပါတီအချို့နှင့် မှတ်ပုံတင်ကျရန် စောင့်ဆိုင်းနေသောပါတီအချို့သည် ပါတီဝင်စုဆောင်းရေးတွင် အခက်တွေ့နိုင်ကြောင်း မြန်မာနိုင်ငံ ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ အထွေထွေအတွင်းရေးမှူး ဦးမြင့်ဇော်က ပြောသည်။ **The Myanmar Times** အတွဲအမှတ် (၂၄၊ အမှတ် ၄၈၀) **Read More...**
- စစ်တွေမြို့ရှိ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ **RNDP** ရုံးကို ဩဂုတ်လ ၂၁ ရက်နေ့က ရဲတပ်ဖွဲ့ပေါင်းစုံမှ ဝင်ရောက် စစ်ဆေးမေးမြန်းမှုများ ပြုလုပ်ခဲ့သည်ဟု ပါတီတာဝန်ရှိသူတစ်ဦးကပြောသည်။ **(Narinjara 210810)** **Read More...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



## နိုင်ငံရေးပါတီ တည်ထောင်ခွင့်ရရှိရေးအတွက် လျှောက်ထားဆဲ အဖွဲ့အစည်းများ

- ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ ကချင်ပြည်နယ်တိုးတက်ရေးပါတီ **(KSPP)** အား ပါတီမှတ်ပုံတင်ချပေးရေးသည် ကချင်လွတ်မြောက်ရေးအဖွဲ့ **(KIO)** လိုင်ဇာအစည်းအဝေး ကြေငြာချက်အပေါ် မူတည်နေကြောင်း ပါတီခေါင်းဆောင် ဒေါက်တာတူးဂျာကပြောသည်။ **(KNG 170810) Read More...**

## ပြည်သူနှင့် လူထုအခြေပြုအဖွဲ့အစည်းများ

- နအဖစစ်အစိုးရမှ ကျင်းပပြုလုပ်မည့်ရွေးကောက်ပွဲကို လူငယ်များအနေဖြင့် စိတ်ဝင်စားမှုမရှိကြကြောင်း ပြည်တွင်းရှိ လူငယ်အသိုင်းအဝိုင်းမှဆိုသည်။ **(DVB 150810) Read More...**
- ရွေးကောက်ပွဲမတိုင်မီ စာမေးပွဲများအပြီးစစ်ရန် ညွှန်ကြားချက်ကြောင့် တက္ကသိုလ်များ၏ ဒုတိယနှစ်ဝက်စာမေးပွဲကို သတ်မှတ်ရက်ထက် စောစစ်မည်ဖြစ်သဖြင့် သင်ခန်းစာများအား အလျင်အမြန်သင်ကြားလျက်ရှိရာ ကျောင်းသူကျောင်းသားများ စာလိုက်နိုင်မှု အခက်အခဲဖြစ်နေကြောင်း ရန်ကုန်မြို့ ဒဂုံတက္ကသိုလ်မှ သမိုင်းဘာသာ ဒုတိယနှစ်ကျောင်းသားတစ်ဦးကပြောသည်။ **(Irrawaddy 170810) Read More...**
- ၂၀၁၀ နိုဝင်ဘာလ ၇ ရက်နေ့တွင် စစ်အစိုးရမှကျင်းပမည့် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ရန်ကုန်မြို့ခံများက မဲပေးရန်အဆင်သင့်မဖြစ်သေးကြောင်းနှင့် ရွေးကောက်ပွဲအား လျင်မြန်စွာပြီးသွားစေချင်ကြောင်း ပြောဆိုနေကြသည်။ **(Irrawaddy 180810) Read More...**
- ဒေါ်အောင်ဆန်းစုကြည်ပုံပါ စာရွက်ပေါ်တွင် နိုင်ငံသားတိုင်းသည် မဲပေးပိုင်ခွင့်ရှိသကဲ့သို့ မဲမပေးပဲ နေပိုင်ခွင့်ရှိကြောင်းနှင့် ရွေးကောက်ပွဲအလိုမရှိ ရေးသားထားသည့်စာရွက်များကို ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်အတွင်းရှိ လူစည်ကားရာ နေရာများတွင် လိုက်လံဖြန့်ဝေသည့် လှုပ်ရှားမှုတစ်ရပ် ဩဂုတ်လ ၁၈ ရက်နေ့တွင် ဖြစ်ပွားခဲ့ကြောင်း မျက်မြင်သက် သေများကပြောသည်။ **(DVB 180810) Read More...**
- ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** အတွင်းရေးမှူး ဦးမောင်မြင့်၏ ရွေးကောက်ပွဲစည်းရုံးရေးခရီးစဉ်တွင် ဒေသခံများက 'ကြံ့ဖွံ့အလိုမရှိ၊ တစည အလိုမရှိ' စသည့်စာရွက်စာတမ်းများ လိုက်လံကပ်နေကြောင်း ဒေသခံများကပြောသည်။ **(Narinjara 180810) Read More...**
- လာမည့် နိုဝင်ဘာလ ၇ ရက်နေ့တွင် ပြုလုပ်မည့် ရွေးကောက်ပွဲတွင် ကရင်ပြည်နယ်အတွင်းရှိ မဲဆန္ဒရှင်များအနေဖြင့် ပါတီ (၄) ခုမှ ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရမည်ဖြစ်သော်လည်း ယင်းပါတီများအနက် (၃) ပါတီသည် စစ်အစိုးရနှင့်နီးစပ်သောပါတီများဖြစ်သည်ဟု ဖားအံမြို့ရှိ မဲပေးပိုင်ခွင့်ရှိသူ စောကြီးက ဝေဖန်ပြောဆိုလိုက်သည်။ **(KIC 180810) Read More...**
- တက်ကြွလှုပ်ရှားသူ လူငယ်တစ်စုက ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်အချို့တွင် စစ်အစိုးရ ပြုလုပ်မည့်ရွေးကောက်ပွဲအားဆန့်ကျင်သည့် ပို့စကတ်နှင့်ဓာတ်ပုံများကို ဩဂုတ်လ ၂၀ ရက်နေ့ညက လိုက်လံဖြန့်ဝေခဲ့ရာ သံဃာတော်များလည်း လိုက်လံကူညီခဲ့ကြောင်း တက်ကြွလှုပ်ရှားသူ လူငယ်တစ်ဦးကပြောသည်။ **(Irrawaddy 210810) Read More...**

## နိုင်ငံတကာရောက် မြန်မာပညာရှင်များ

- နအဖအကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေမှ ရွေးကောက်ပွဲကော်မရှင်ကို လုပ်ပိုင်ခွင့်များပေးထားသောကြောင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ကသာ လုပ်ချင်ရာလုပ်ဆောင်နေသည်ဟု အမေရိကန်နိုင်ငံ အင်ဒီယားနားတက္ကသိုလ် ဥပဒေပညာရှင် ဒေါက်တာ ဆလိုင်းငွင်ကျုံလျန်က ပြောသည်။ **(BBC 150810) Read More...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



## နိုင်ငံတကာရောက်မြန်မာနိုင်ငံသားများ

- ပြည်ပရောက် မြန်မာများအကြားတွင် မဲပေးမည့်ကိစ္စနှင့်ပတ်သက်ပြီး အမြင်များအမျိုးမျိုးရှိသော်လည်း အများစုက မဲမပေး ရန်ဆန္ဒရှိကြပြီး လိုချင်သောပါတီကို မဲပေးလည်း အမှန်တရားသိရမှာမဟုတ်ဟု လန်ဒန်ရောက် မဲပေးပိုင်ခွင့်ရှိသူ မြန်မာ နိုင်ငံသားတစ်ဦးက ပြောသည်။ **(BBC 160810)** **Read More...**

## ဘာသာရေးအသင်းအဖွဲ့များ

- ၂၀၁၀ ရွေးကောက်ပွဲတွင် မဲမပေးပဲ ဆန့်ကျင်သွားကြရန် တိုက်တွန်းနှိုးဆော်ထားသည့် စာရွက်စာတမ်းများကို ဩဂုတ်လ ၂၁ ရက်နေ့ နံနက်ပိုင်းက ဆွမ်းခံကြွသည့် သံဃာတော်များမှ ဒကာ၊ ဒကာမများ၏ နေအိမ်များတွင် ဖြန့်ဝေပေးခဲ့ကြောင်း ရန်ကုန်တိုင်း ဒေါပုံမြို့နယ်မှ ဒေသခံတစ်ဦးကပြောသည်။ **(RFA 210810)** **Read More...**

## နိုင်ငံတကာဆောင်ရွက်မှုများ

### (က) ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရအဖွဲ့အစည်းများ

- ဥရောပသမဂ္ဂ **(EU)** က မြန်မာစစ်အစိုးရမှ ကျင်းပပြုလုပ်မည့်ရွေးကောက်ပွဲ၏ ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် နိုင်ငံရေးပါတီများအားလုံး မဲဆွယ်စည်းရုံးခွင့်နှင့် လွတ်လပ်စွာမပြုလုပ်နိုင်ပါက တရားဝင်သည့် ရွေးကောက်ပွဲအဖြစ် ကမ္ဘာက ရှုမြင်မည်မဟုတ်ကြောင်း ဩဂုတ်လ ၁၄ နေ့တွင် ကြေညာချက်ထုတ်ပြန်လိုက်သည်။ **(RFA 150810)** **Read More...**
- ရွေးကောက်ပွဲကျင်းပရန် ရက်နီးကပ်လာသော်လည်း နအဖစစ်အစိုးရက နိုင်ငံတကာလူ့အခွင့်အရေး ပြဌာန်းချက်များကို လိုက်နာမှုမရှိသေးကြောင်း မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေး အထူးကိုယ်စားလှယ် **Tomas Ojea Quintana** က ဩဂုတ်လ ၁၇ ရက်နေ့တွင် ဝေဖန်ပြောဆိုလိုက်သည်။ **(RFA 170810)** **Read More...**
- မြန်မာနိုင်ငံတွင် နိုဝင်ဘာလ ၇ ရက်နေ့၌ ရွေးကောက်ပွဲကျင်းပမည်ဟု ဆုံးဖြတ်ခဲ့သည့်အပေါ် အာဆီယံ **(ASEAN)** အဖွဲ့ကြီးက ကြိုဆိုကြောင်းနှင့် မြန်မာစစ်အစိုးရအနေဖြင့် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲတစ်ရပ် ကျင်းပပေးရန် ဩဂုတ်လ ၁၇ ရက်နေ့က ကြေညာချက် ထုတ်ပြန်တောင်းဆိုလိုက်သည်။ **(VOA 170810)** **Read More...**
- ကုလသမဂ္ဂမှ ဦးဆောင်ပြီး မြန်မာနိုင်ငံစစ်အစိုးရ၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ်ဖွဲ့စည်းရန်အတွက် အမေရိကန်အစိုးရက ထောက်ခံလိုက်ခြင်းကို အာဆီယံ လူ့အခွင့်အရေးဆိုင်ရာအဖွဲ့က ဩဂုတ်လ ၁၈ ရက်နေ့တွင် ကြိုဆိုလိုက်ကြောင်း အဖွဲ့ပြောခွင့်ရပုဂ္ဂိုလ် **Carlos Medina** က ပြောသည်။ **(RFA 180810)** **Read More...**
- မြန်မာနိုင်ငံအတွင်း စစ်အစိုးရ ကျူးလွန်ခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် ကုလသမဂ္ဂမှ စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ်ဖွဲ့စည်းရေးကိစ္စကို အမေရိကန်အစိုးရက ထောက်ခံလိုက်သဖြင့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် **(Tomas Ojea Quintana)** က ကြိုဆိုလိုက်သည်။ **(VOA 180810)** **Read More...**
- မြန်မာ့အရေးဆိုင်ရာ ဥရောပပါလီမန်အမတ်များအဖွဲ့က ဥရောပသမဂ္ဂ **EU** ကို မြန်မာစစ်အစိုးရ ကျူးလွန်သည့် စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်စုအပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများကို ကုလသမဂ္ဂမှ စုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့စည်းရေးနှင့် ပတ်သက်၍ ဝိုင်းဝန်းထောက်ခံပံ့ပိုးပေးရန် ဩဂုတ် ၁၉ ရက်နေ့တွင် တောင်းဆိုလိုက်သည်ဟု **Burma Campaign UK** ၏ ပြောခွင့်ရသူ မဇိုရာဖန်းက ပြောသည်။ **(RFA 190810)** **Read More...**, **DVB...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



## (ခ) အစိုးရများ

- စစ်အစိုးရ၏ ဖိနှိပ်ချုပ်ချယ်မှုအောက်တွင်ကျင်းပမည့် ရွေးကောက်ပွဲကို စိုးရိမ်မိပြီး ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကို ချွင်းချက်မရှိ လွှတ်ပေးရန်၊ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲကျင်းပပေးရန် ကနေဒါနိုင်ငံခြားရေးဝန်ကြီး မစ္စတာ လောရန့်စ်ကန်နွန် က တောင်းဆိုလိုက်သည်။ **(RFA 170810)** **Read More...**
- မြန်မာစစ်အစိုးရ၏ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့်ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးမည့် လွတ်လပ်သော ကုလသမဂ္ဂ စုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့စည်းရေးကိစ္စအား အမေရိကန်ပြည်ထောင်စုက ထောက်ခံရန် ဆုံးဖြတ်လိုက်ကြောင်း အမေရိကန်စာနယ်ဇင်းများက ဖော်ပြထားသည်။ **(Irrawaddy 180810)** **Read More...**, **Mizzima...**
- မြန်မာ့အရေးဆောင်ရွက်နေသည့် အင်ဒိုနီးရှားလွှတ်တော်အမတ်များအဖွဲ့ ဥက္ကဋ္ဌ **Ms. Eva** က မြန်မာစစ်အစိုးရ ကျူးလွန်ခဲ့သည့် စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်စုအပေါ် ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများကို ကုလသမဂ္ဂမှ စုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့စည်းရေးကိစ္စအား အမေရိကန်အစိုးရက ထောက်ခံလိုက်သည့်အပေါ် အင်ဒိုနီးရှားလွှတ် တော်အမတ်များအနေဖြင့် ကြိုဆိုထောက်ခံကြောင်း ပြောကြားလိုက်သည်။ **(RFA 200810)** **Read More...**
- ဂျပန်အစိုးရက စစ်အစိုးရအနေဖြင့် "ဒေါ်အောင်ဆန်းစုကြည်နှင့် အမြန်တွေ့ဆုံဆွေးနွေးရန်နှင့် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံး ပါဝင်ခွင့်မရှိသော ရွေးကောက်ပွဲသည် လွတ်လပ်မျှတမှု မရှိသည့်ရွေး ကောက်ပွဲဖြစ်ကြောင်း" ဂျပန်နိုင်ငံခြားရေးဝန်ကြီး အိုကာဒါက ပြောဆိုလိုက်သည်။ **(DVB 200810)** **Read More...**

## (ဂ) အစိုးရမဟုတ်သောအဖွဲ့အစည်းများ

- မြန်မာနိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံလျှောက်လှမ်းခဲ့သည့် လမ်းကြောင်းအမှားကို လိုက်မတုရန်နှင့်သင်ခန်းစာယူပြီး ရှောင်ကွင်းနိုင်ရန်အတွက် သတိပေးပြောကြားလိုကြောင်း အင်ဒိုနားရှား လူ့အခွင့်အရေးအဖွဲ့ ညွှန်ကြားရေးမှူး ရာဖန်ဒီဂျင်မင်က ပြောကြားလိုက်သည်။ **(RFA 160810)** **Read More...**
- မြန်မာစစ်အစိုးရ ကျူးလွန်ခဲ့သည့် စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်စုအပေါ် ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများကို ကုလသမဂ္ဂ စုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့စည်းရေးကိစ္စအား အမေရိကန်အစိုးရက ထောက်ခံလိုက်သည့်အပေါ် နယူးယောက်အခြေစိုက် လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့ **HRW** က ကြိုဆိုလိုက်သည်။ **(VOA 180810)** **Read More...**
- အရှေ့တီမောတွင် လူ့အခွင့်အရေးလှုပ်ရှားသူများက "မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးရန်နှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ ရပ်ဆိုင်းပေးရန်" အရှေ့တီမောနိုင်ငံ မြို့တော်ဒီလီ လေဆိပ်အဝင်တွင် မြန်မာနိုင်ငံမှရောက်ရှိလာသော မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းကို ဩဂုတ် လ ၂၀ ရက်နေ့တွင် ဝိုင်းဝန်းတောင်းဆိုဆန္ဒပြခဲ့ကြသည်ဟု ဆန္ဒပြပွဲကို ဦးဆောင်သူ **Carolin Marques** က ပြောသည်။ **(RFA 200810)** **Read More...**

---

***End of report/ Saturday, August 21, 2010***

ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။

***Documentation and Research Department (NDD)***

---